## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃ ရက် )

# တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၁၉ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်-

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ တီထွင်မှုမူပိုင်ခွင့်ဥပဒေပါ စွဲဆိုမှုများ စစ်ဆေးစီရင်ရာတွင် ဤလုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၃။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ဆိုသည်။

(ခ) **တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားမကြောင်းအရ တရားစွဲဆိုမှုများ** ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(၁) ဥပဒေပုဒ်မ ၉၆ ပုဒ်မခွဲ (ခ) အရ တီထွင်မှုမူပိုင်ခွင့် ချိုးဖောက်ခံရခြင်းအတွက် သက်သာခွင့်တောင်းဆိုသည့် တရားမမူလမှုများ၊

(၂) သက်ဆိုင်သည့်ဝန်ကြီးဌာနက ပေးအပ်သော လျော်ကြေးပမာဏကို မကျေနပ်၍ ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ဃ) အရ မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားစွဲဆိုသည့် တရားမမူလမှုများ၊

(၃) တီထွင်မှုမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၉၆ ပုဒ်မခွဲ (က) အရ နစ်နာမှုအတွက် ဥပဒေပုဒ်မ ၉၇ နှင့် ပုဒ်မ ၉၈ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ယာယီအရေးယူ ဆောင်ရွက်သည့်အမိန့်ချမှတ်ပေးပါရန် လျှောက်ထားသည့် တရားမ အထွေထွေမှုများ။

(ဂ) **တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဤကိစ္စ အလို့ငှာ အယူခံမှုနှင့် ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထား သည့် တရားရုံးများကို ဆိုသည်။

(ဃ) **အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှု** ဆိုရာ တွင် အောက်ဖော်ပြပါ လျှောက်ထားမှုများ ပါဝင်သည်ဟု မှတ်ယူရမည်-

(၁) မလွှဲမသွေပေးရမည့် လိုင်စင်ခွင့်ပြုပေးရန် တောင်းဆိုချက် သို့မဟုတ် နစ်နာကြေးဆိုင်ရာ ဆုံးဖြတ်ချက် အပါအဝင် ယင်းလိုင်စင်ခွင့်ပြုချက် နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူက ဥပဒေပုဒ်မ ၉၄ အရ မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှု၊

(၂) အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူက ယင်းဆုံးဖြတ်ချက် ကို ပြင်ဆင်ပယ်ဖျက်ပေးရန် စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံး သို့ ဥပဒေပုဒ်မ ၉၄ အရ လျှောက်ထားမှု။

## အခန်း (၂)
## စီရင်ပိုင်ခွင့်အာဏာ

**ရာဇဝတ်မှုများအတွက် စီရင်ပိုင်ခွင့်အာဏာ**

၄။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုသော ရာဇဝတ်မှုများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အာဏာအပ်နှင်းထားသော မူပိုင်ခွင့် တရားရုံးများနှင့် တရားသူကြီးများက စီရင်ပိုင်ခွင့်အာဏာရှိသည်။

**တရားမမှုများအတွက် စီရင်ပိုင်ခွင့်အာဏာ**

၅။ တီထွင်မှုမူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွဲဆိုသော တရားမမှု၊ ယာယီ အရေးယူဆောင်ရွက်ပေးရန်လျှောက်ထားမှု၊ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာထုတ်ပြန် ၍ အာဏာအပ်နှင်းထားသော မူပိုင်ခွင့်တရားရုံးများနှင့် တရားသူကြီးများက စီရင်ပိုင်ခွင့်အာဏာ ရှိသည်။

## အခန်း (၃)
## ရာဇဝတ်ကြောင်းအရ စွဲဆိုမှုများကို အရေးယူဆောင်ရွက်ခြင်း

၆။ မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုသည့် ရာဇဝတ်မှုများကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုသည့် ရာဇဝတ်မှုများကို မူပိုင်ခွင့်တရားရုံး၏ **"မူပိုင်ခွင့်ဥပဒေများဆိုင်ရာ ရာဇဝတ်မှတ်ပုံတင်စာအုပ်"** တွင် ရေးသွင်းရမည်။

## အခန်း (၄)
## တရားမကြောင်းအရ စွဲဆိုမှုများကို အရေးယူဆောင်ရွက်ခြင်း

၈။ တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဏ) အရ အခွင့်အရေးရရှိသူ (Right Holder) ကိုယ်တိုင်ကဖြစ်စေ၊ သက်ဆိုင်သည့် တည်ဆဲဥပဒေအရ အခွင့်အရေးရရှိသူ၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ၊ ပုဒ်မ ၄၂ ပုဒ်မခွဲ (ဃ) အရ စွဲဆိုမှုတွင် တောင်းဆိုသော လျော်ကြေး ကို ရထိုက်ခွင့်ရှိသူကဖြစ်စေ အမှုစွဲဆိုနိုင်သည်။

၉။ တီထွင်မှုမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် စွဲဆို သော တရားမမှုများကို ကာလစည်းကမ်းသတ်အက်ဥပဒေအရ သတ်မှတ်ထားသောကာလအတွင်း တရားစွဲဆိုရမည်။

၁၀။ တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရုပ်သိမ်းရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ဥပဒေ အခန်း (၁၈) ပါ ပြဋ္ဌာန်းချက်များအရသာ ဆောင်ရွက်ရမည်။

၁၁။ ဆိုလွှာကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ရေးသားဖော်ပြရမည်။ ထို့အပြင် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို ထိပါး

ချိုးဖောက်ထားကြောင်း သို့မဟုတ် တရားလိုသည် ငွေတောင်းဆိုသည့်လျော်ကြေးကို ရထိုက်ခွင့်ရှိကြောင်း သိသာထင်ရှားစေမည့် အကြောင်းခြင်းရာများနှင့် တောင်းဆိုသည့် ငွေပမာဏအတိအကျကို တွက်ချက်မှုများနှင့်တကွ ပြည့်စုံစွာဖော်ပြရမည်။

၁၂။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုသည့် တရားမမှုများကို မူပိုင်ခွင့်တရားရုံး၏ **"မူပိုင်ခွင့်ဥပဒေများဆိုင်ရာ တရားမမှတ်ပုံတင်စာအုပ်"** တွင် ရေးသွင်းရမည်။

**ဆင့်စာချအပ်ခြင်း**

၁၃။ မူပိုင်ခွင့်တရားရုံးသည် ဆိုလွှာကို လက်ခံရရှိသည့်အခါ တရားပြိုင်ထံ ချက်ချင်း ဆင့်စာချအပ်စေရန် တရားလိုအား ညွှန်ကြားရမည်။ တရားလိုသည် မိမိစရိတ်ဖြင့် တရားပြိုင်အပေါ် ဆင့်စာချအပ်ရမည့်အပြင် ဆင့်စာနှင့်အတူ ဆိုလွှာမိတ္တူကို တရားပြိုင်ထံ ပူးတွဲပေးပို့ရမည်။

၁၄။ တရားလိုသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း တရားပြိုင်ထံ အမိန့်ဆင့်စာချအပ်ပြီးဖြစ်ကြောင်း မူပိုင်ခွင့်တရားရုံးသို့ ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။ ထိုသို့တင်ပြရန် ပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် ဆိုလွှာအား ပယ်နိုင်သည် သို့မဟုတ် သင့်လျော်သည့်နေ့ရက်သို့ သတ်မှတ်ချိန်းဆိုနိုင်သည်။ ထိုသို့ချိန်းဆိုသည့်နေ့ရက်တွင် တရားလိုမှ ထပ်မံပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် အမှုအားပလပ်နိုင်သည်။

**နိုင်ငံရပ်ခြားတွင်ရှိနေသော တရားပြိုင်**

၁၅။ မူပိုင်ခွင့်တရားရုံးသည် နိုင်ငံရပ်ခြားတွင်ရှိနေသော တရားပြိုင်အား ဆင့်ဆိုရာ၌ တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်သည့် သက်ဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ဆင့်ဆိုဆောင်ရွက်ရမည်။

**တရားလိုက တင်ပြရမည့် သက်သေခံချက်များ**

၁၆။ တရားလိုသည် အောက်ပါအချက်များကို အထောက်အထားဖြင့် တင်ပြရမည်-

(က) တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ အခွင့်အရေးရရှိသူဖြစ်ခြင်း သို့မဟုတ် တောင်းဆိုသော သက်သာခွင့်ကို ရထိုက်သူဖြစ်ခြင်း၊

(ခ) တီထွင်မှုမူပိုင်ခွင့် ထိပါးချိုးဖောက်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စတွင်-

(၁) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားခြင်းဖြစ်လျှင် ယင်းထုတ်ကုန်ကို တရားပြိုင်က တရားလို၏ သဘော

တူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၂) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားခြင်းဖြစ်လျှင် ၎င်းထုတ်လုပ်မှုနည်းစဉ်အား တရားပြိုင်က တရားလို၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ၎င်းထုတ်လုပ်မှုနည်းစဉ်ကို တိုက်ရိုက်အသုံးပြုပြီး ထုတ်လုပ်သော ထုတ်ကုန်တစ်ခုကို အသုံးပြုခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၃) တရားလို၏ မှတ်ပုံတင်ထားသော အသေးစားတီထွင်မှုမူပိုင်ခွင့်ကို တရားပြိုင်က ထိပါးချိုးဖောက်ထားခြင်း၊

(၄) တရားပြိုင်၏ ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်သည် တရားလို မူပိုင်ခွင့်လျှောက်ထားရာတွင် ဖော်ပြခဲ့သော အမျိုးအစား (Classification) တွင် အကျုံးဝင်ခြင်း၊

(၅) တရားလို၏ အကျိုးစီးပွားကို ထိခိုက်စေခဲ့ခြင်း၊

(၆) နစ်နာမှုပေါ်ပေါက်ကြောင်းနှင့် နစ်နာမှုတန်ဖိုး မည်မျှရှိသည်ဆိုခြင်းကို စိစစ်နိုင်ရန်အတွက် အခြားလိုအပ်သည့် အထောက်အထားများ။

( ဂ ) ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ဃ) အရ လျှောက်ထားစွဲဆိုမှုနှင့်စပ်လျဉ်း၍ တောင်းဆိုသည့်လျော်ကြေးကို ရထိုက်ကြောင်း သိသာထင်ရှားစေသည့် အချက်အလက် အထောက်အထားများ။

၁၇။ တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်မှုနှင့်စပ်လျဉ်း၍ မူလမှုကိုစစ်ဆေးသော မူပိုင်ခွင့်တရားရုံးတွင် စွဲဆိုသော တရားမမှု၌ တရားပြိုင်က တရားလိုရရှိထားသော တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်သည် တရားမဝင်ပျက်ပြယ်နေကြောင်း သို့မဟုတ် ရုပ်သိမ်းထိုက်ကြောင်း ချေပသဖြင့် ကြားနာစစ်ဆေးလျက်ရှိပြီး၊ ယင်းအချက်နှင့်စပ်လျဉ်း၍ တူညီသောအမှုသည်များအကြား ဥပဒေပုဒ်မ ၉၄ အရ စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသော မူပိုင်ခွင့်တရားရုံးတွင်လည်း ကြားနာစစ်ဆေးလျက်ရှိပါက ထိပါးချိုးဖောက်မှုကို စစ်ဆေးသည့် မူလမှုပိုင်ခွင့်တရားရုံးသည် အဆိုပါအမှုအား ပုဒ်မ ၉၄ အရ စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးက စစ်ဆေးပြီးသည်အထိ ဆိုင်းငံ့ထားနိုင်သည်။

၁၈။ တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှုကို မှတ်ပုံတင်ထားကြောင်း ထင်ရှားစေလိုသူသည် တီထွင်မှု သို့မဟုတ် အသေးစားတီထွင်မှု မှတ်ပုံတင်လက်မှတ်မူရင်း သို့မဟုတ်

မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော မှတ်ပုံတင် လက်မှတ်မိတ္တူကို တင်ပြရမည်။

၁၉။ မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်း အတွက် စွဲဆိုသော တရားမမှုများ၌ အောက်ပါ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(က) ဥပဒေပုဒ်မ ၉၉ ပုဒ်မခွဲ (က) အရ အကောက်ခွန်ရှင်းလင်းပြီး နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာသော တီထွင်မှုမူပိုင်ခွင့် ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများကို တားဆီး ခြင်း အပါအဝင် တီထွင်မှုမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့်အမိန့်၊ ( **မူပိုင်ခွင့်ပုံစံ ၁-ဂ** )

( ခ) ထိခိုက်နစ်နာမှုများအတွက် လုံလောက်သော နစ်နာကြေး ပေးဆောင်စေ သည့်အမိန့်၊

( ဂ) သင့်လျော်သောကိစ္စရပ်များတွင် တရားလိုမှ ကြိုတင်သတ်မှတ် တောင်းဆို သော နစ်နာကြေးကိုဖြစ်စေ၊ တရားပြိုင်ရယူခံစားခဲ့သော အကျိုးအမြတ်ကို ဖြစ်စေ၊ နှစ်ရပ်စလုံးကိုဖြစ်စေ ပြန်လည်ပေးစေသည့်အမိန့်၊

(ဃ) တရားလိုအတွက် တရားစရိတ်နှင့် ရှေ့နေစရိတ်အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးစေသည့်အမိန့်။

## အခန်း (၅)
## ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားခြင်း

၂၀။ မူပိုင်ခွင့်တရားရုံးသည် အခွင့်အရေးရရှိသူက နစ်နာမှုများအတွက် ဥပဒေပုဒ်မ ၉၆ ပုဒ်မခွဲ (က) အရ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန်နှင့် ဥပဒေပုဒ်မ ၉၈ အရ တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုများကို တရားမ အထွေထွေမှု ရေးဖွင့်ဆောင်ရွက်ရမည်။

၂၁။ မူပိုင်ခွင့်တရားရုံးသည် ဥပဒေအရ အခွင့်အရေးချိုးဖောက်ကြောင်း ယာယီအရေးယူ ဆောင်ရွက်ပေးရန် လျှောက်ထားမှုများ (တစ်ဖက်သတ် ယာယီအရေးယူပေးရန် လျှောက်ထားမှု များ အပါအဝင်) အား မူပိုင်ခွင့်တရားရုံး၏ မူပိုင်ခွင့်ဆိုင်ရာ တရားမအထွေထွေမှတ်ပုံတင်စာအုပ် တွင် ရေးသွင်းရမည်။

၂၂။ လျှောက်ထားသူသည်-

(က) ဥပဒေပုဒ်မ ၉၆ ပုဒ်မခွဲ (က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားရာတွင် အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ၎င်း၏အခွင့်အရေးကို လျှောက်ထားခံရသူက ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါး ချိုးဖောက်ရန် အလားအလာရှိကြောင်း အထောက်အထားများအပြင် မူပိုင်ခွင့် တရားရုံးက အခြားလိုအပ်သည့် အထောက်အထားများ ထပ်မံတင်ပြရန် ညွှန်ကြားပါက တင်ပြရမည်။

( ခ) ဥပဒေပုဒ်မ ၉၈ ပုဒ်မခွဲ (က) အရ တစ်ဖက်သတ် ယာယီအရေးယူပေးရန် လျှောက်ထားရာတွင် အခွင့်အရေးရှိသူကို ကုစား၍မရနိုင်သော ထိခိုက် နစ်နာမှု ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ် ကျရောက်နေခြင်းရှိကြောင်း ဖော်ပြရမည်။

( ဂ) အဆိုပါအချက်များကို ကျမ်းကျိန်လွှာ တစ်ရပ်ဖြင့်ဖြစ်စေ၊ ကျမ်းကျိန်လွှာ အများဖြင့်ဖြစ်စေ ပူးတွဲ၍ တင်သွင်းလျှောက်ထားရမည်။ အဆိုပါကျမ်းကျိန်လွှာ တွင် ပါရှိသောအချက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုး ဖော်ပြ ရမည်။ လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်အချိန် တွင် လိုအပ်သော စာမှတ်စာတမ်းများကို မူပိုင်ခွင့်တရားရုံးသို့ တင်သွင်း ရမည်။

၂၃။ မူပိုင်ခွင့်တရားရုံးသည် ဥပဒေပုဒ်မ ၉၈ ပုဒ်မခွဲ (က) ပါ တစ်ဖက်သတ် ယာယီ အရေးယူဆောင်ရွက်နိုင်သည့် ကိစ္စရပ်များမှတစ်ပါး လျှောက်ထားခံရသူထံ ဆင့်စာ ချက်ချင်း ချအပ်စေရန် လျှောက်ထားသူကို ညွှန်ကြားရမည် (**မူပိုင်ခွင့်ပုံစံ ၂-ဂ**)။ လျှောက်ထားသူသည် မိမိ စရိတ်ဖြင့် လျှောက်ထားခံရသူအပေါ် ဆင့်စာချအပ်ရမည့်အပြင် ဆင့်စာနှင့်အတူ လျှောက်ထားလွှာ နှင့် လျှောက်ထားလွှာကို ထောက်ခံသော ကျမ်းကျိန်လွှာမိတ္တူများ၊ လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြသော စာမှတ်စာတမ်းများ၏မိတ္တူများကို လျှောက်ထားခံရသူထံ ပူးတွဲပေးပို့ရမည်။

၂၄။ လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း လျှောက်ထား ခံရသူအပေါ် ဆင့်စာချအပ်ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။ ထိုသို့တင်ပြရန် ပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် ၎င်း၏လျှောက်ထားမှုအား ပယ်နိုင်သည် သို့မဟုတ် သင့်လျော်သည့်နေ့ရက်သို့ ရွှေ့ဆိုင်းချိန်းဆိုနိုင်သည်။ ထိုသို့ ရွှေ့ဆိုင်းချိန်းဆိုသည့်နေ့ရက်တွင် လျှောက်ထားသူမှ ထပ်မံပျက်ကွက်လျှင် မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားမှုကို ပယ်ရမည်။

၂၅။ လျှောက်ထားခံရသူသည် လျှောက်ထားမှုအပေါ် ဆင့်စာလက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်းဖြစ်စေ၊ မူပိုင်ခွင့်တရားရုံးက ခွင့်ပြုသည့်ရက်အတွင်းဖြစ်စေ ကန့်ကွက်လွှာ တင်သွင်းရမည်။ ကန့်ကွက်လွှာပါအချက်များအား မိမိသိရှိသမျှမှန်ကန်သည်ဟု ယုံကြည်ကြောင်း ကို လျှောက်ထားခံရသူက ကျမ်းကျိန်လွှာနှင့်တစ်ပါတည်း တင်ပြရမည်။ ယင်းကန့်ကွက်လွှာနှင့် အတူ မိမိဘက်မှတင်ပြလိုသော စာမှတ်စာတမ်းများအပြင် သက်သေခံအထောက်အထားများကို ပူးတွဲ၍ တင်သွင်းနိုင်သည်။ လျှောက်ထားခံရသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက် အတွင်း ကန့်ကွက်လွှာတင်သွင်းရန် ပျက်ကွက်ပါက ခုခံချေပခြင်းမပြုသကဲ့သို့ သတ်မှတ် ဆောင်ရွက်နိုင်သည်။

၂၆။ မူပိုင်ခွင့်တရားရုံးသည်-

(က) ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် သို့မဟုတ် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုတွင် လျှောက်ထားသူအား လုံလောက်သော ငွေသားအာမခံ တင်သွင်းစေရန် သို့တည်းမဟုတ် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ ခံဝန်ချုပ် ချုပ်ဆိုတင်ပြစေရန် ညွှန်ကြားနိုင်သည်။ ( **မူပိုင်ခွင့်ပုံစံ- ၃** )

( ခ) အာမခံငွေ တင်သွင်းရန်၊ ခံဝန်ချုပ် ချုပ်ဆိုတင်ပြရန် မူပိုင်ခွင့်တရားရုံး၏ ညွှန်ကြားချက်အား လျှောက်ထားသူက သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် လျှောက်ထားချက်ကို ပယ်ရမည်။

၂၇။ မူပိုင်ခွင့်တရားရုံးသည်-

(က) ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုအပေါ် ဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ (က) နှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကိုဖြစ်စေ၊ အခြားသင့်သည်ထင်မြင်သည့်အမိန့်ကိုဖြစ်စေ ချမှတ်ရမည်။

( ခ) ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို လျှောက်ထားခံရသူထံသို့ အသိပေး အကြောင်းကြားရမည်။ ( **မူပိုင်ခွင့်ပုံစံ ၄-က** )

( ဂ) ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို လိုက်နာခြင်းမရှိလျှင် တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၉၄ ပုဒ်မခွဲ (ဂ)၊ အမိန့် ၃၉ နည်းဥပဒေ ၂ တို့နှင့်အညီ ဆောင်ရွက်ရမည်။

၂၈။ မူပိုင်ခွင့်တရားရုံးသည်–

(က) တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ခဲ့ပါက ဥပဒေ ပုဒ်မ ၉၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) အရ လျှောက်ထားခံရသူထံသို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အသိပေးအကြောင်းကြားရမည်။

(ခ) ဥပဒေပုဒ်မ ၉၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ သတ်မှတ်ပေးသည့်ကာလ အတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ပေးခြင်းမရှိလျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားခံရသူက လိုက်နာ ခြင်းမရှိလျှင် အဆိုပါ တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်သည့်အမိန့် အား ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(ဂ) လျှောက်ထားခံရသူက အဆိုပါ တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက် သည့်အမိန့်အား ပြင်ဆင်၊ ပယ်ဖျက်ပေးရန် လျှောက်ထားလာလျှင် ဥပဒေ ပုဒ်မ ၉၈ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၃) အရ သင့်လျော်သည့်ကာလအတွင်း နှစ်ဖက်ကြားနာပြီး အဆိုပါ တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်သည့် အမိန့်အား ပြင်ဆင်သည့်၊ ပယ်ဖျက်သည့် သို့တည်းမဟုတ် အတည်ပြုသည့် အမိန့်ကို ချမှတ်ရမည်။

(ဃ) တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကိုဖြစ်စေ၊ အဆိုပါ အမိန့်ကို ပြင်ဆင်သည့် သို့မဟုတ် အတည်ပြုသည့် အမိန့်ကိုဖြစ်စေ လျှောက်ထားခံရသူက လိုက်နာခြင်းမရှိလျှင် အရေးယူဆောင်ရွက်ချက်များ ကို ပြီးမြောက်ရန် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၉၄ ပုဒ်မခွဲ (ဂ)၊ အမိန့် ၃၉ နည်းဥပဒေ ၂ တို့နှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသူက ထိခိုက်နစ်နာမှုအပေါ် တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် မူပိုင်ခွင့်တရားရုံးသည် ဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ (က) အရဖြစ်စေ၊ ပုဒ်မ ၉၈ ပုဒ်မခွဲ (က) အရ ဖြစ်စေ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက် အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

၃၀။ မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားခံရသူ၏တောင်းဆိုချက်အရ ယာယီအရေးယူ ဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ ရပ်စဲလျှင်ဖြစ်စေ၊ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း

တွေ့ရှိလျှင်ဖြစ်စေ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် နစ်ဖက်ကြားနာပြီးနောက် သင့်လျော်သောလျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၃၁။ မူပိုင်ခွင့်တရားရုံးသည် အဆိုပါလျော်ကြေးငွေကို လျှောက်ထားသူက တရားရုံးသို့ တင်သွင်းထားသည့် အာမခံငွေထဲမှပေးစေရန် အမိန့်ချမှတ်နိုင်သည်။

**ယာယီအရေးယူဆောင်ရွက်သည့်အမိန့်၏ အကျိုးသက်ရောက်မှု**

၃၂။ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်၏ အကျိုးသက်ရောက်မှုသည် ယင်းအမိန့်အား လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ သက်ဆိုင်ရာ မူပိုင်ခွင့်တရားရုံးက ဥပဒေပုဒ်မ ၉၇ ပုဒ်မခွဲ (ဃ) အရ ရုပ်သိမ်းခြင်း သို့မဟုတ် အကျိုးသက်ရောက်မှုကိုရပ်စဲစေသည့် အမိန့်ချမှတ်ခဲ့ခြင်းမရှိလျှင် တီထွင်မှုမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည့်အတွက် စွဲဆိုသော တရားမမူလမှု စီရင်ချက်ချမှတ်သည်အထိ အတည်ဖြစ်သည်။

## အခန်း (၆)
## အောဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားခြင်း

၃၃။ အောဂျင်စီ၏ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဥပဒေပုဒ်မ ၉၄ အရ သက်ဆိုင်ရာ မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၃၄။ အောဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားခွင့်ရှိသူသည် အောဂျင်စီထံ တင်သွင်းသည့် အယူခံမှုတွင် ပါဝင်ခဲ့သူ ဖြစ်ရမည်။

၃၅။ အောဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတွင် မူပိုင်ခွင့်တရားရုံး၏ စီရင်ဆုံးဖြတ်ချက်သည် အောဂျင်စီအပေါ်တွင် စည်းနှောင်မှုရှိသဖြင့် လျှောက်ထားခံရသူအဖြစ် အောဂျင်စီနှင့် ယင်း၏ဆုံးဖြတ်ချက်ကြောင့် အကျိုးရရှိသူတို့ ပါဝင်စေရမည်။

၃၆။ အောဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတွင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့်သူနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၇။ မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ အောဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ပယ်ဖျက်ပေးရန် လျှောက်ထားမှုများအား **"မူပိုင်ခွင့်ဆိုင်ရာလျှောက်ထားမှု မှတ်ပုံတင်စာအုပ်"** တွင် ရေးသွင်းရမည်။ ( **မူပိုင်ခွင့်ပုံစံ- ၅** )

၃၈။ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုများတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) လျှောက်ထားလွှာနှင့်အတူ မူပိုင်ခွင့်တရားရုံးက သုံးသပ်ဆုံးဖြတ်ပေးစေလိုသော အေဂျင်စီ၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်နှင့် အမှုတွဲ၏ တာဝန်ခံမိတ္တူတစ်စုံ ပူးတွဲပါရှိရမည့်အပြင် လျှောက်ထားလွှာကို ထောက်ခံသည့် ကျမ်းကျိန်လွှာတစ်ရပ်ဖြင့်ဖြစ်စေ၊ ကျမ်းကျိန်လွှာအများဖြင့်ဖြစ်စေ ပူးတွဲ၍ တင်သွင်းလျှောက်ထားရမည်။ ယင်းကျမ်းကျိန်လွှာတွင် လျှောက်ထားလွှာ၌ ပါရှိသောအချက်များ မှန်ကန်ကြောင်းကိုလည်း ဝန်ခံလက်မှတ်ရေးထိုးဖော်ပြရမည်။ လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်အချိန်တွင် လိုအပ်သော စာမှတ်စာတမ်းများကို မူပိုင်ခွင့်တရားရုံးသို့ တင်သွင်းရမည်။

( ခ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားလွှာကို လက်ခံရရှိသည့်အခါ အပိုဒ်ခွဲ (က) ပါ အချက်များ ပြည့်စုံမှုရှိ–မရှိ စိစစ်ပြီး၊ ပြည့်စုံမှုရှိလျှင် တရားမအထွေထွေမှု ဖွင့်လှစ်ရမည်။

( ဂ) ထို့နောက် လျှောက်ထားခံရသူထံ ဆင့်စာ ချက်ချင်းချအပ်စေရန် မူပိုင်ခွင့်တရားရုံးက လျှောက်ထားသူအား ညွှန်ကြားရမည် (**မူပိုင်ခွင့်ပုံစံ ၆–င**)။ လျှောက်ထားသူသည် မိမိစရိတ်ဖြင့် လျှောက်ထားခံရသူအပေါ် ဆင့်စာချအပ်ရမည့်အပြင် ဆင့်စာနှင့်အတူ လျှောက်ထားလွှာနှင့် လျှောက်ထားလွှာကို ထောက်ခံသော ကျမ်းကျိန်လွှာမိတ္တူများ၊ အေဂျင်စီ၏ဆုံးဖြတ်ချက် အမိန့်မိတ္တူ၊ အမှုတွဲ သို့မဟုတ် မှုခင်းမှတ်တမ်းမိတ္တူတို့ကို လျှောက်ထားခံရသူထံ ပူးတွဲပေးပို့ရမည်။

(ဃ) လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားခံရသူအပေါ် ဆင့်စာချအပ်ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။ ထိုသို့တင်ပြရန် ပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် ၎င်း၏လျှောက်ထားမှုအား ပယ်နိုင်သည် သို့မဟုတ် သင့်တော်သည့်နေ့ရက်သို့ ရွှေ့ဆိုင်းချိန်းဆိုနိုင်သည်။ ထိုသို့ ရွှေ့ဆိုင်းချိန်းဆိုသည့်နေ့ရက်တွင် လျှောက်ထားသူက ထပ်မံပျက်ကွက်လျှင် မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားမှုကို ပယ်ရမည်။

( င) လျှောက်ထားခံရသူသည် ကြားနာရန်နေ့ရက်မတိုင်မီ မူပိုင်ခွင့်တရားရုံးသို့ ပြန်ကြားလွှာ (၂) စုံ တင်သွင်းရမည် (**မူပိုင်ခွင့်ပုံစံ– ၇**)။ ပြန်ကြားလွှာပါ

အချက်များအား မိမိသိရှိသမျှ မှန်ကန်သည်ဟု ယုံကြည်ကြောင်းကို လျှောက်ထားခံရသူက ကျမ်းကျိန်လွှာနှင့်တစ်ပါတည်း တင်ပြရမည်။ ယင်း ပြန်ကြားလွှာနှင့်အတူ မိမိဘက်မှတင်ပြလိုသော စာမှတ်စာတမ်းများအပြင် သက်သေခံအထောက်အထားများကို တင်သွင်းနိုင်သည်။ လျှောက်ထားခံရသူ သည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း ပြန်ကြားလွှာ တင်သွင်းရန် ပျက်ကွက်ပါက ပျက်ကွက်သူနှင့်စပ်လျဉ်း၍ ခုခံချေပခြင်း မပြုသကဲ့သို့ သတ်မှတ်ဆောင်ရွက်နိုင်သည်။

(စ) လျှောက်ထားခံရသူသည် မူပိုင်ခွင့်တရားရုံး၏ ခွင့်ပြုချက်ဖြင့် ပြန်ကြားလွှာကို ပြင်ဆင်နိုင်သည်။ ထိုသို့ ပြင်ဆင်ပြန်ကြားလွှာကို တင်သွင်းသည့်အခါ ကျမ်းကျိန်လွှာ ပါရှိရမည်။

၃၉။ အေဂျင်စီတွင် တင်ပြခဲ့သော သက်သေခံအထောက်အထားများမှအပ အခြားသော နှုတ်သက်သေခံချက်ကိုဖြစ်စေ၊ စာတမ်းအမှတ်အသား သက်သေခံချက်ကိုဖြစ်စေ ထပ်မံတင်သွင်းခွင့် မရှိစေရ။ သို့ရာတွင်-

(က) မူပိုင်ခွင့်တရားရုံးသည် အမိန့်ချမှတ်ရန်အတွက်ဖြစ်စေ၊ အခြားခိုင်လုံသည့် အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ စာမှတ်စာတမ်းတစ်ရပ်ရပ်ကို တင်ပြစေရန်သော်လည်းကောင်း၊ သက်သေတစ်ဦးဦးကို စစ်ဆေးရန်သော်လည်းကောင်း လိုအပ်လျှင် ယင်းသက်သေခံချက် သို့မဟုတ် စာမှတ်စာတမ်းကို တင်ပြခွင့်ပြုနိုင်သည် သို့မဟုတ် သက်သေကို စစ်ဆေးခွင့်ပြုနိုင်သည်။

(ခ) မူပိုင်ခွင့်တရားရုံးသည် သက်သေခံချက် ထပ်မံတင်ပြခွင့်ပြုသည့်အခါတိုင်း မည်သည့်အကြောင်းကြောင့် လက်ခံရကြောင်း ရေးမှတ်ထားရမည်။

**အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတွင် ချမှတ်သည့် စီရင်ချက်၏ အကျိုးသက်ရောက်မှုနှင့် စည်းနှောင်မှု**

၄၀။ မူပိုင်ခွင့်တရားရုံးသည် အေဂျင်စီ၏ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် လျှောက်ထားသူ၏ လျှောက်ထားမှုကို ပယ်ရမည်။ လျှောက်ထားသူ၏ လျှောက်ထားမှုကို ခွင့်ပြုလျှင် အေဂျင်စီ၏ဆုံးဖြတ်ချက်ကို ပယ်ဖျက်သည့်အမိန့်ဖြစ်စေ၊ အခြားသင့်သည်ထင်မြင်သည့်အမိန့်ဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ အေဂျင်စီ၏ဆုံးဖြတ်ချက်ကို မူပိုင်ခွင့်တရားရုံးက ပယ်ဖျက်သည့်အမိန့်ချမှတ်ပါက မူပိုင်ခွင့်တရားရုံး၏ အမိန့်မိတ္တူကို မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသို့ ပေးပို့ရမည်။

## အခန်း (၇)
## သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း

၄၂။ မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့် ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ စွဲဆိုသည့် တရားမမှုတွင် လိုအပ်ပါက အမှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းအား ရုံးရှေ့တင်ပို့ရန် ညွှန်ကြားနိုင်သည်။

၄၃။ အမှုသည်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အမှုသည်များအား အမှုအတွင်း သက်သေခံပစ္စည်းထိန်းသိမ်းထားရှိစေရန် ညွှန်ကြားသည့် အမိန့်ချမှတ်ပါက ယင်းအမှုသည်အား အဆိုပါသက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ခံဝန်ချုပ် ချုပ်ဆိုတင်ပြရန် ညွှန်ကြားနိုင်သည်။ **(မူပိုင်ခွင့် ပုံစံ-၈ )**

၄၄။ မူပိုင်ခွင့်တရားရုံးသည် တရားလို၏ လျှောက်ထားချက်အရ တီထွင်မှုမူပိုင်ခွင့် ချိုးဖောက်သည့် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ (က) အရ အောက်ပါအတိုင်း အမိန့်ချမှတ်နိုင်သည်-

(က) မူပိုင်ခွင့်ချိုးဖောက်သည့် ကုန်ပစ္စည်းများကို ဖျက်ဆီးစေသည့် သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်သည့် အမိန့်၊

( ခ) မူပိုင်ခွင့်ချိုးဖောက်သည့် ကုန်ပစ္စည်းများ ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းမှ တားမြစ်သည့်အမိန့်၊

( ဂ) ဥပဒေပုဒ်မ ၁၀၀ ပုဒ်မခွဲ (ခ) ပါ အချက်များအား ထည့်သွင်းစဉ်းစား၍ ဥပဒေနှင့်အညီ သင့်သည်ထင်မြင်သည့်အမိန့်။

## အခန်း (၈)
## မူပိုင်ခွင့်တရားရုံးကချမှတ်သော ဒီကရီနှင့် အမိန့်များအပေါ် အတည်ပြုဆောင်ရွက်ခြင်း

၄၅။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံးက ချမှတ်သော ဒီကရီနှင့် အမိန့်များကို အတည်ပြုဆောင်ရွက်သည့် တရားရုံးသည် တရားမကျင့်ထုံးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၆။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံးက ချမှတ်သော ဒီကရီနှင့် အမိန့်များကို အတည်ပြုဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆက်စပ်ဌာနအဖွဲ့အစည်းများသည် တရားရုံးက ညွှန်ကြားသည့်အတိုင်း ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည်။

## အခန်း (၉)

## အထွေထွေ

၄၇။ မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းများကို အရေးယူဆောင်ရွက်ရာတွင်-

(က) ဤလုပ်ထုံးလုပ်နည်းများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စရပ်များအတွက် ဥပဒေပုဒ်မ ၁၀၄ နှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်သည်။

(ခ) ဤလုပ်ထုံးလုပ်နည်းများတွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ တားမြစ်မိန့် (**မူပိုင်ခွင့်ပုံစံ ၁-ဂ**)၊ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုတွင် အကြောင်းကြားစာ (**မူပိုင်ခွင့်ပုံစံ ၂-ဂ**)၊ ယာယီအရေးယူဆောင်ရွက်သည့်အမိန့် (**မူပိုင်ခွင့်ပုံစံ ၄-ဂ**)၊ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတွင် အကြောင်းကြားစာ (**မူပိုင်ခွင့်ပုံစံ ၆-င**) တို့အတွက် သီးခြားဖော်ပြထားသည်။

(ဂ) မူပိုင်ခွင့်ဆိုင်ရာ အမှုများအားလုံးအတွက် ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုတွင် ချုပ်ဆိုသည့် ခံဝန်ချုပ် (**မူပိုင်ခွင့်ပုံစံ- ၃**)၊ မူပိုင်ခွင့်ဆိုင်ရာ လျှောက်ထားမှု မှတ်ပုံတင်စာအုပ် (**မူပိုင်ခွင့်ပုံစံ- ၅**)၊ ပြန်ကြားလွှာ (**မူပိုင်ခွင့်ပုံစံ- ၇**)၊ သက်သေခံပစ္စည်းများထိန်းသိမ်းကြီးကြပ်ခြင်းဆိုင်ရာ ခံဝန်ချုပ် (**မူပိုင်ခွင့်ပုံစံ- ၈**) တို့ကိုလည်းကောင်း၊ သီးခြားဖွင့်လှစ်ထားသည့် ရာဇဝတ်မှတ်ပုံတင်စာအုပ်အမှတ် ၁ နှင့် ၂၊ တရားမမှတ်ပုံတင်စာအုပ်အမှတ် ၁၊ ၂ နှင့် ၃ တို့ကိုလည်းကောင်း အသုံးပြုရန်ဖြစ်သည်။

(ဃ) ဤလုပ်ထုံးလုပ်နည်းများတွင် သီးခြားဖော်ပြထားခြင်းမရှိသော ကိစ္စရပ်များအတွက် တရားမမူသေပုံစံများနှင့် ရာဇဝတ်မူသေပုံစံများကို သင့်လျော်သလို ပြုပြင်သုံးစွဲနိုင်သည်။

( သာဌေး )

ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၃၄၂ / ပတခ (၁၁၀၀/၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အားလုံး
အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး
ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ရုံးအားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

ခရိုင်တရားရုံးအားလုံး

မြို့နယ်တရားရုံးအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ<br>ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

မိတ္တူကို

ရုံးလက်ခံ

မျှော

မူပိုင်ခွင့်ပုံစံ ၁-ဂ

**တားမြစ်မိန့်**

(တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၉)

........................................ တရားရုံးတော်

၂၀ .......... ခုနှစ်၊ ........................... မှုအမှတ် ...............

နှင့်

**တရားလို/လျှောက်ထားသူ** **တရားပြိုင်/လျှောက်ထားခံရသူ**

...................................... တရားရုံး၊ ဘီလစ် သိစေရမည်။

အောက်၌ဖော်ပြထားသည့် ပစ္စည်းတို့ကို နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ ဝင်ရောက်ခြင်းမှ တားဆီးရန်/ ဈေးကွက်မှ ဖယ်ရှားရန်/ ဖျက်ဆီးရန်/ .................... ...................................................... ဆောင်ရွက်စေရန် အတည်ပြုဆောင်ရွက်ရမည်။

တရားသူကြီး

၂၀ .......... ခုနှစ်၊ .................... လ .......... ရက်။

**ပစ္စည်းစာရင်း**

မူပိုင်ခွင့်ပုံစံ ၂-ဂ

## ယာယီအရေးယူဆောင်ရွက်သည့် အမိန့်မချမှတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

........................................ တရားရုံးတော်

၂၀ .......... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ..........(မူပိုင်ခွင့်)

နှင့်

| လျှောက်ထားသူ | လျှောက်ထားခံရသူ |
| --- | --- |

................................................................................................ သိစေရမည်။

ဤရုံးတော်သို့ တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၆ ပုဒ်မခွဲ (က) အရ ............................................ ............................ ....................................................... ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀ ......... ခုနှစ်၊ ...................................... လ .......... ရက် (၁၃ ........... ခုနှစ်၊ .................................... လ .......... ရက်) နေ့ မွန်းမတည့်မီ .............. နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀ ......... ခုနှစ်၊ ......................... လ .......... ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွှတ်

ငွေ ............. ရရှိပြီး။

ရုံးတံဆိပ်

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၃

# ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုတွင် ချုပ်ဆိုသည့် ခံဝန်ချုပ်

........................................ တရားရုံးတော်

၂၀ .......... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ..........(မူပိုင်ခွင့်)

........................................ ၏ သား/သမီးဖြစ်သူ ............................................. ရပ်နေ လျှောက်ထားသူ ........................................ က တရားသူကြီးသို့ဖြစ်စေ၊ ဆက်ခံသူတရားသူကြီးသို့ ဖြစ်စေ၊ တရားသူကြီးတာဝန်ပေးအပ်သူသို့ဖြစ်စေ ငွေကျပ် .................................. ကို ပေးဆောင်ရန် ထိုတရားသူကြီးထံသို့ ခံဝန်သူတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန် ချုပ်ဆိုကြပါသည်။ ၎င်းငွေကို ပေးဆောင်ရန် ခံဝန်သူတစ်ဦးစီမှစ၍ ၎င်းတို့၏ အမွေစားအမွေခံ၊ သေတမ်းစာအရ စီရင်ပိုင်သူ၊ အမွေထိန်းတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော် လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။

အထက်ပါအမှု၌ လျှောက်ထားသူက ၎င်းအမှုတွင် ယာယီအရေးယူဆောင်ရွက်ပေးရန် အမိန့်ရလိုကြောင်း လျှောက်ထားပြီးဖြစ်သဖြင့် ဆိုခဲ့သော လျှောက်ထားမှုကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ ရုပ်စဲလျှင်ဖြစ်စေ၊ မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ ပေါ်ပေါက်သော နစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကိုပေးစေရန် အမိန့်ချမှတ်ပါက ထိုလျော်ကြေးအတွက် ခံဝန်သူတို့က အာမခံရန် သဘောတူ ကြပါသည်။ သို့ဖြစ်၍ ယခုဝန်ခံကြသည်မှာ ဆိုခဲ့သောအမှုတွင် အမိန့်ပါအတိုင်း နေရာတကျ လိုက်နာ ဆောင်ရွက် ပြေကျေအောင်ပြုလုပ်လျှင် ဤခံဝန်ချုပ် ပျက်စေ၊ သို့မဟုတ်လျှင် တည်မြဲအတိုင်း တည်စေ၍ ဆိုခဲ့သော လျော်ကြေးငွေ ........................................ ကိုဖြစ်စေ၊ တရားသူကြီးကပေးစေ ဟူသော ငွေ ............................. ကိုဖြစ်စေ ခံဝန်သူတို့က ဆိုခဲ့သောရုံးတွင် ပေးသွင်းပါမည်။

၂၀ ......... ခုနှစ်၊ ................................. လ .......... ရက်တွင် အထက်ခံဝန်ချုပ်ကို အသိအမှတ်ပြုသောအားဖြင့် လက်မှတ်ရေးထိုးပေးလိုက်သည်။

| | |
|---|---|
| ............................................................<br>.................................................... ရှေ့တွင်<br>............................................................<br>......................................................... က<br>လက်မှတ်ရေးထိုးသည်။ | အာမခံသူတို့သည်<br>မျဉ်းကြောင်း<br>လက်ယာဘက်၌<br>လက်မှတ်<br>ရေးထိုးရမည်။<br>သက်သေတို့သည်<br>လက်ဝဲဘက်၌<br>မိမိတို့<br>မည်သူဖြစ်ကြောင်း<br>မှတ်ပုံတင်အမှတ်<br>အလုပ်အကိုင်၊<br>နေရပ်တို့ကို<br>ဖော်ပြရမည်။ |

ရုံးတံဆိပ်

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၄-ဂ

## ယာယီအရေးယူဆောင်ရွက်သည့်အမိန့်

[ တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၇ ၊ ပုဒ်မခွဲ (က) ]

......................................... တရားရုံးတော်

၂၀ .......... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .........(မူပိုင်ခွင့်)

နှင့်

လျှောက်ထားသူ　　　　　　　　　　လျှောက်ထားခံရသူ

(၁) လျှောက်ထားသူ အမည်
(၂) ယခုအမှုတွင် လျှောက်ထားသူက တင်သွင်းသည့် လျှောက်လွှာ၊ စာမှတ်စာတမ်းများ နှင့် လျှောက်ထားခံရသူ တင်သွင်းသော ကန့်ကွက်လွှာ(ရှိလျှင်)
(၃) ချမှတ်သည့်အမိန့်

လျှောက်ထားသူ (၁) ............................ က ဤရုံးတော်တွင် လျှောက်ထားရာ ၎င်းအမှုတွင် ၂၀ ......... ခုနှစ်၊ ........................ လ .......... ရက်၌ (၂) .................................. ........................................................................................................................ ကို ဖတ်ရှု၍ ၎င်းအကြောင်းအရာတွင် လျှောက်လဲတင်ပြချက်တို့ကို ကြားနာပြီးလျှင် ဤရုံးတော်က အမိန့်ရှိသည်မှာ (၃) ........................................................................................ ........................................................................................................................ စေရန် လျှောက်ထားခံရသူသို့ ယာယီအရေးယူဆောင်ရွက်သည့်အမိန့် ထုတ်ဆင့်လိုက်သည်။

၂၀ ......... ခုနှစ်၊ ........................ လ .......... ရက်

အမိန့်ဆင့်စာခလွတ်

ငွေ ............. ရရှိပြီး။

ရုံးတံဆိပ်

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၅

# မူပိုင်ခွင့်ဆိုင်ရာလျှောက်ထားမှု မှတ်ပုံတင်စာအုပ်

# ................................. တရားရုံးတော်၌ မှတ်ပုံတင်စာအုပ်

| အမှတ်စဉ် | လျှောက်ထားသည့်နေ့စွဲ | လျှောက်ထားသူ | လျှောက်ထားခံရသူများ | ဥပဒေအမည်နှင့်တောင်းဆိုသောသက်သာခွင့် | သက်ဆိုင်ရာဌာန/အေဂျင်စီ၏ အမိန့်ချသည့်နေ့စွဲ | သက်ဆိုင်ရာ ဌာန/အေဂျင်စီ၏ အမိန့်အကျဉ်းချုပ် | မူပိုင်ခွင့်တရားရုံး၏ စီရင်ချက် | အယူခံ/ပြင်ဆင်ရုံးစီရင်ချက် | တရားသူကြီးလက်မှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |

မူပိုင်ခွင့်ပုံစံ ၆–င

**အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ပယ်ဖျက်ပေးရန်**
**မည်သည့်အကြောင်းကြောင့် ခွင့်မပြုသင့်ကြောင်းကို ပြဆိုစေခြင်းငှာ**
**အကြောင်းကြားစာ**

( တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၄ )

........................................ တရားရုံးတော်

၂၀ .......... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .......(မူပိုင်ခွင့်)

နှင့်

**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

၂၀ ......... ခုနှစ်၊ ......................... လ .......... ရက်စွဲပါ ............................................ တရားရုံးတော်မှ ............................................ ကို ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးရန် လျှောက်ထားမှု။

လျှောက်ထားခံရသူ .................................................................... သိစေရမည်။

ယခုအမှုတွင် ............................................ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီက ချပေးသည့် ဆုံးဖြတ်ချက်ကို ....................................................... က ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုလျှောက်ထားမှုကို ၂၀ ......... ခုနှစ်၊ ...................... လ .......... ရက် (၁၃ ....... ခုနှစ်၊ ...................... လ .......... ရက်) နေ့တွင် ကြားနာရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤလျှောက်ထားမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် ၎င်းလျှောက်ထားမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဖော်ပြပါလျှောက်ထားမှုကို ကန့်ကွက်လိုလျှင် ကြားနာရန် သတ်မှတ်ချိန်းဆိုသည့်နေ့ရက်မတိုင်မီ သင်က ကန့်ကွက်လိုကြောင်းဖြင့် ဤတရားရုံးတော်၌ ပြန်ကြားလွှာ (၂) စုံ တင်သွင်းရမည်။

၂၀ ......... ခုနှစ်၊ ......................... လ .......... ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာခလွတ်

ငွေ ............. ရရှိပြီး။

ရုံးတံဆိပ်

တရားသူကြီး

မူပိုင်ခွင့်ပုံစံ ၇

# ပြန်ကြားလွှာ

......................................... တရားရုံးတော်

၂၀ .......... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ........(မူပိုင်ခွင့်)

နှင့်

| လျှောက်ထားသူ | လျှောက်ထားခံရသူများ |
|---|---|

**မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ၏ (      -      - ၂၀      ) ရက်စွဲပါ ဆုံးဖြတ်ချက်အား ပြန်လည်သုံးသပ်ဆုံးဖြတ်ပေးရန် လျှောက်ထားမှု**

အထက်အမည်ပါ လျှောက်ထားခံရသူ .................................. က အောက်ပါအတိုင်း ပြန်ကြားလွှာ တင်သွင်းအပ်ပါသည်။

အမှုအကျဉ်းချုပ်ဖော်ပြချက် ..........................................................................................

ပြန်ကြားထုချေလိုသည့်အချက် ..........................................................................................

အနှစ်ချုပ်ဖော်ပြချက် ..........................................................................................

သို့ဖြစ်ပါ၍ လျှောက်ထားသူ၏ လျှောက်ထားမှုအား ခွင့်မပြုသင့်ကြောင်း ပြန်ကြားတင်ပြအပ်ပါသည်။

လျှောက်ထားခံရသူ

**ဝန်ခံချက်**

ဤပြန်ကြားလွှာပါ အချက်အလက်များ၊ အကြောင်းခြင်းရာဖော်ပြချက်များ၊ ထုချေဆိုချက်အားလုံးသည် မိမိသိရှိသမျှ မှန်ကန်ပါကြောင်း (   -   - ၂၀   ) ရက်တွင် .................... မြို့၌ ဝန်ခံလက်မှတ်ရေးထိုးပါသည်။

မူပိုင်ခွင့်ပုံစံ ၈

## သက်သေခံပစ္စည်းများ ထိန်းသိမ်းကြီးကြပ်ခြင်းနှင့်သက်ဆိုင်သည့် ခံဝန်ချုပ်

........................................ တရားရုံးတော်

၂၀ .......... ခုနှစ်၊ တရားမအထွေထွေမှုအမှတ် .......(မူပိုင်ခွင့်)

........................................ ၏ သား/သမီးဖြစ်သူ ........................................ ရပ်နေ တရားလို/လျှောက်ထားသူ၊ တရားပြိုင်/လျှောက်ထားခံရသူ ...................................................... က တရားသူကြီးသို့ဖြစ်စေ၊ ဆက်ခံသူတရားသူကြီးသို့ဖြစ်စေ၊ တရားသူကြီးတာဝန်ပေးအပ်သူသို့ဖြစ်စေ ငွေကျပ် ...................................... ကို ပေးဆောင်ရန် ထိုတရားသူကြီးထံသို့ ခံဝန်သူတို့ အတူတကွ သော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ခံဝန်ချုပ်ဆိုကြပါသည်။ ၎င်းငွေကို ပေးဆောင်ရန် ခံဝန်သူတစ်ဦးစီမှစ၍ ၎င်းတို့၏အမွေစားအမွေခံ၊ သေတမ်းစာအရ စီရင်ပိုင်သူ၊ အမွေထိန်းတို့ အတူတကွသော်လည်းကောင်း၊ သီးခြားစီသော်လည်း ကောင်း ခံဝန်ချုပ်ဆိုကြပါသည်။

အထက်ပါအမှု၌ တရားလို/လျှောက်ထားသူ၊ တရားပြိုင်/လျှောက်ထားခံရသူက ၎င်းအမှုတွင် မူပိုင်ခွင့်ချိုးဖောက်ခြင်းနှင့်သက်ဆိုင်သည့် သို့မဟုတ် ဆက်နွှယ်နေသည့် သက်သေခံ ပစ္စည်းများ (..................................................................................................................................... .....................................................................................................................................) အား တရားရုံးတော်က ညွှန်ကြားသည့်အတိုင်း ယိုယွင်းပျက်စီးခြင်း၊ လေလွင့်ဆုံးရှုံးခြင်း၊ တန်ဖိုးလျော့နည်း စေခြင်း မရှိစေရအောင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပါမည်။ အကယ်၍ ဖော်ပြပါ သက်သေခံ ပစ္စည်း တစ်စုံတစ်ရာသည် ပျက်စီးခြင်း၊ လေလွင့်ဆုံးရှုံးခြင်း၊ တန်ဖိုးလျော့နည်းသွားစေခြင်းတို့ ဖြစ်ပေါ် လာလျှင် ပေါ်ပေါက်သောနစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကိုပေးစေရန် အမိန့်ချမှတ်ပါက ထို ............................................ လျော်ကြေးအတွက် ခံဝန်သူတို့က အာမခံရန် သဘောတူကြပါသည်။

သို့ဖြစ်၍ ယခုဝန်ခံကြသည်မှာ ဆိုခဲ့သောအမှုတွင် အမိန့်ပါအတိုင်း နေရာတကျ လိုက်နာဆောင်ရွက် ကျေပြေအောင် ပြုလုပ်လျှင် ဤခံဝန်ချုပ်ပျက်စေ၊ သို့မဟုတ်လျှင် တည်မြဲ အတိုင်းတည်စေ၍ ဆိုခဲ့သော လျော်ကြေးငွေ ............................ ကိုဖြစ်စေ၊ တရားသူကြီးက ပေးစေ ဟူသော ငွေ ......................... ကိုဖြစ်စေ ခံဝန်သူတို့က ဆိုခဲ့သောရုံးတွင် ပေးသွင်းပါမည်။

၂၀ ......... ခုနှစ်၊ ......................... လ .......... ရက်တွင် အထက်ခံဝန်ချုပ်ကို အသိအမှတ်ပြုသောအားဖြင့် လက်မှတ်ရေးထိုးပေးလိုက်သည်။

..................................................................

.................................................... ရှေ့တွင်

..................................................................

............................................................. က

လက်မှတ်ရေးထိုးသည်။

အာမခံသူတို့သည်
မျဉ်းကြောင်း
လက်ယာဘက်၌
လက်မှတ်
ရေးထိုးရမည်။
သက်သေတို့သည်
လက်ဝဲဘက်၌
မိမိတို့
မည်သူဖြစ်ကြောင်း
မှတ်ပုံတင်အမှတ်
အလုပ်အကိုင်၊
နေရပ်တို့ကိုဖော်ပြ
ရမည်။

ရုံးတံဆိပ်

တရားသူကြီး